ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၁)

(Village Development Project)

မယ်ဟန်ကျေးရွာအုပ်စု၊ မယ်ဟန်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မယ်ဟန်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	မယ်ဟန်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်	၆
	မယ်ဟန်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လား:ရှိုးမြို့နယ်	၇
	မယ်ဟန်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လား:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇
၁၃။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၈

	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဩဂုတ်လ၊၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မယ်ဟန်ကျေးရွာ
လားရှိုးမြို့နယ်


မယ်ဟန်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



မယ်ဟန်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လားရှိုးမြို့နယ်

လ / အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	ကဆုန်ထောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
☺ 😐 ☹	☹	😐	☺	☹	☺	☹	😐	😐	😐	☺	☺	😐
	$	$$	$$$	$	$$$	$	$$	$$	$$	$$$	$$$	$$
	—	—	မိုးကြဲ	စပါးစိုက်	စပါးစိုက်	နှမ်းစိုက်	—	—	စပါးရိတ်	စပါးသိမ်း	နှမ်းသိမ်း	—
	ဈေးမဲ့	ဈေးမဲ့	အဆင့်တင့်	ဈေးများ	ဈေးများ	ဈေးများ	ဈေးများ	ဈေးများ	အသင့်တင့်	အသင့်တင့်	အဆင့်တင့်	ဈေးမဲ့
	ကုသိပ္ပ	—	ငှက်ပျော	တုတ်ခွေး	ငှက်ပျော	—	—	ကုသိပ္ပ	—	—	ဈေကျောက်နာ	ကုသိပ္ပ
အိမ်ခဲ့ မိုးပွေး ဈေးဂါကျဈေးက်	—	—	အမြစ်မွှေးမိုး	—	ဦးမြို့မိုး	အဆင်မပြေမိုး	သီးနှံးလေကြမိုး	အနုံးပြေမိုး	—	—	—	—
	သင်္ကြန်အကျ	—	—	သင်္ကြန်းကပ်	—	—	မီးတွန်းပွဲ	ကထိန်ပွဲ	—	—	ပဒုန်းပွဲ	—
သဘာဝဘေး အန္တရာယ်	—	လေပြင်း	လေပြင်း	မိုးကြိုး	—	—	—	—	—	—	—	—

မယ်ဟန်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လာ:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်မတို့မယ်ဟန်ကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တည်ရှိပါသည်။ ပထဝီအနေအထားအရ ကျွန်မတို့ရွာသည် အနောက်ဘက်တွင်တည်ရှိပါသည်။ ကျွန်မတို့ရွာနှင့် အနီးဆုံးစျေးမှာ လားရှိုးစျေးဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကိုသာ အသုံးပြုပြီးသွားလာကြပါသည်။

ကျွန်မတို့ရွာသည် အခြားတွင်းထွက်ဖြစ်သော ကျောက်၊သဲ၊ကျောက်စရစ်များကို ယခင်က လည်းမရှိခဲ့ပါ။ ယခုတွင်လည်းမရှိခဲ့ပါ။ လွန်ခဲ့သောနှစ်တွင် ကျွန်မတို့ရွာတွင် သစ်တော များရှိ သည်။ ယခုတွင် ရွာသူ/ရွာသားများသည် သစ်တောများကို စည်းကမ်းမဲ့စွာခုတ်ခြင်းကြောင့် သစ် တောများ ပြုန်းတီးလာပါသည်။ ကျွန်မတို့ရွာသည် သဘာဝအပင်မျိုးစိတ်နှင့် ဆေးဘက်ဝင်အပင်များကို ရရှိ နိုင်ပါသည်။ နွားစာအပင်များကိုလည်း ရရှိနိုင်ပါသည်။ သို့သော် ယခုအခါတွင် တောမီးလောင်မှု ကြောင့် အချို့ဆေးဘက်ဝင်အပင်များကို မရရှိနိုင်တော့ပါ။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

မယ်ဟန်ကျေးရွာတွင် ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး လူဦးရေစုစုပေါင်း(၁၂၅၅)ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၄၂၆)ဦး၊ မ (၈၁၉)ဦး စုစုပေါင်း(၁၂၅၅) ဦးရှိပါသည်။ နို့စို့အရွယ်ကလေး ကျား(၁၅)ဦး၊ မ (၂၅) ဦး၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၂၀) ဦး၊ မ(၃၅) ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား(၃၇) ဦး၊ မ(၆၅) ဦး၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၁၁၅) ဦး၊ မ(၁၃၅) ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၂၃၄) ဦး၊ မ(၅၃၂) ဦး၊ သက်ကြီးရွယ်ကြီးတွင် ကျား(၁၅) ဦး၊ မ (၂၇) ဦးရှိပါသည်။ မွေးကင်းစ ကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ် ဆေးထိုးပေးကြပြီး တစ်ချို့သော မိဘများသည် ကလေးများ ဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြိုကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများကထိန်းကျောင်းပေးပြီး မိဘများက ဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာအိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်မတို့

လွယ်ငူးကျေးရွာတွင် အလုပ်လုပ်ကိုင်နေကြသော ဖခင်နှင့်မိခင်အများစုဖြစ်ပြီး သား/သမီးတို့သည် ကျောင်းတက်ခြင်းနှင့် ငွေရှာခြင်းရှိသည်။ အလုပ်လုပ်ကိုင်နေသောလူဦးရေမှာ (၇၆၆)ဦးဖြစ်ပြီး ကျန်(၂၇)ယောက်မှာ အသက်ကြီးသူဖြစ်ပြီး သား/သမီးလုပ်ကျွေးခြင်းသာ ဖြစ်ပါသည်။ လူငယ်များသည်လည်း ကျောင်းနားချိန်တွင် မိဘများကို အလုပ်ဝိုင်းကူလုပ်ကြပါသည်။ စပါးတိုးငွေတိုးများကများသောကြောင့် ပြန်ဆပ်ချိန်တွင် စပါးအထွက်မကောင်းလျှင် ဝမ်းစာအတွက်အဆင်မပြေသော မိသားစုများလည်းရှိသည်။ ကျွန်မတို့မယ်ဟန်ကျေးရွာတွင် အလုပ်လုပ်ကိုင်သူများပြီး ထိုင်စားသူမှာ အနည်းငယ်သာရှိသည်။ ကျွန်မတို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူမိသားစုများပါသည်။ အခြားကိုယ်ပိုင်လုပ်ငန်းမဟုတ်သော အင်္ဂါးလုပ်သားလုပ်ဆောင်သူများလည်း တွေ့ရှိရပါသည်။ ခြံငုံပြီးသုံးသပ်ရလျှင် ဝင်ငွေအသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။ ပြင်ပအဖွဲ့အစည်းနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်မတို့ မယ်ဟန်ကျေးရွာတွင် စပါးနှင့်ပြောင်းကို အဓိကစီးပွားဖြစ် ဝင်ငွေရရန် အတွက် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ(၃၀)ဧကနှင့် ယာမြေ/တောင်ယာမြေ(၂၅၀)ဧက စုစုပေါင်း(၂၈၀)ဧကရှိပါသည်။ သာမာန်အားဖြင့် မြေဆီလွှာအရည်အသွေး အတင့်အသင့်သာရှိကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် သွင်းအားစုဖြစ်သော သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ နှစ်စဉ်ဝယ်ယူသုံးစွဲနေရခြင်းသည် မြေဆီလွှာအရည်အသွေးမကောင်းကြောင်း ထင်ရှားလျှက်ရှိပါသည်။ မြေလွတ်မြေလပ်များ မရှိပါ။

ကျေးရွာ၏ မြေပိုင်ဆိုင်မှု ၂.၅ဧကအောက်ရှိသော အိမ်ထောင်စုသည် (၁၃၀)စုရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စုသည် (၈၀)စုရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ဧကအထက်ရှိသော အိမ်ထောင်စုသည် (၁၀)စု ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု (၅)စုရှိပါသည်။ ကျွန်မတို့မယ်ဟန်ကျေးရွာရှိ မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများမှာ ထင်းခွေခြင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုး၍ ခြံထွက်သီးနှံများကို ရွာတွင်းဈေးနှင့်

လားရှိုးမြို့မစျေးကြီးများတွင် သွားရောက်ရောင်းချခြင်းများ ဆောင်ရွက်ကြပါသည်။

ကျွန်မတို့ကျေးရွာတွင် ပြောင်းနှင့်စပါးကို အဓိကစီးပွားဖြစ် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရာတွင် မိုးရေကိုအဓိကအားထားအသုံးပြုစိုက်ပျိုးပြီး ပြောင်းနှင့် စပါးကိုမိုးရာသီအချိန်၌သာ စိုက်ပျိုးကြပါသည်။ ပြောင်းမျိုးစေ့များကို ရွာအနီးရှိ ပွဲရုံများထံတွင် ဝယ်ယူကြရပါသည်။ ယေကျံားလေးများသည် ထွန်စက်ကိုမောင်းပေးကြပြီး မိန်းကလေးများသည် အစေ့ချ စိုက်ပျိုးရပါသည်။ တောင်ယာများတွင် အင်္ဂါလိုက်လုပ်သူများ၊ အမျိုးအမည်မဖော်နိုင်သော လုပ်ငန်းများကို လုပ်ကိုင်သူများ၊ ကိုယ်ပိုင်အိမ်ဆိုင်များ ဖွင့်လှစ်ရောင်းချသူများ၊ ဆိုင်ကယ် ပြုပြင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ၁ ရက်လုပ် ၁ ရက်စားပြီး အဆင်မပြေသော အိမ်ထောင်စုများလည်းရှိပါသည်။ ကျွန်မတို့ရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမလုပ်ကိုင်ဘဲ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုအ အနည်းငယ်ရှိပါသည်။ မယ်ဟန်ကျေးရွာတွင် စိုက်ပျိုးရာသီပြီးချိန်တွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းကြောင့် ပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြရပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေများကို ဘဏ်မှတဆင့်သော်လည်းကောင်းခင်မင်ရင်းနှီးသူများမှတဆင့် လူကြုံဖြင့်သော်လည်းကောင်း၊ ငွေလွှဲလုပ်ငန်းဖြင့် သော်လည်းကောင်း ပေးပို့ကြပါသည်။ တစ်ချို့အိမ်ထောင်စုများသည် စက်ချုပ်လုပ်ငန်း၊ စျေးရောင်းခြင်း လုပ်ငန်းနှင့်ဝါးခမောက်များ ပြုလုပ်ကာရောင်းချခြင်းလုပ်ငန်းများလည်း လုပ်ကိုင်ကြပါ သည်။

ကျွန်မတို့ရွာတွင် အဆင်ပြေသော အခက်အခဲမရှိသော အိမ်ထောင်စု (၄၀) စု ရှိပါသည်။ ဆင်းရဲလဲမဟုတ်၊ ချမ်းသာလဲမဟုတ် အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၂၀)စုရှိပါသည်။ လုပ်ငန်းလဲမရှိ၊ ဝင်ငွေလဲမရှိ မပြေလည်သောအိမ်ထောင်စု(၇၀)စု ရှိပါသည်။ မိသားစုကများ၊ ဝင်ငွေကမရှိ အလွန်မပြေလည်သောအိမ်ထောင်စု(၂၀)စု ရှိပါသည်။ ကျွန်မတို့ မယ်ဟန်ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ စပါးကြိတ်စက်၊ ပြောင်းခွေစက်နှင့် အခြားကိုယ်ပိုင်စီးပွားရေးရှိသောသူများကို အဆင်ပြေသော အိမ်ထောင်စုသတ်မှတ်သည်။ လယ်၊ ယာအနည်းငယ်နှင့် တစ်ထပ်တိုက်၊ ရိုးရိုးဆိုင်ကယ်၊ စက်ဘီးသုံးသော သူများကို အလယ်အလတ်သတ်မှတ်ပါသည်။ ကိုယ်ပိုင်မရှိသော လယ်၊ယာ၊ တစ်နေ့လုပ် တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်းလုပ်သောသူများကို မပြေလည်သော အိမ်ထောင်စုသတ်မှတ်သည်။ မြေယာ၊ လယ်ယာမရှိ၊ ဝါးအိမ်နှင့်နေပြီး မုဆိုးမ၊ တစ်ခုလပ်၊ အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီးများရှိခြင်း၊

တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ တစ်ယောက်တည်းရှာစားသူများကို အလွန်မပြေလည်သည်ဟု ယူဆသည်။ ကျွန်မတို့မယ်ဟန်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာ၌ ကျားတစ်ဦးလျှင် နေ့စားလုပ်အားခအများဆုံး(၈၀၀၀) ကျပ်မှ (၆၀၀၀)ကျပ်ထိ ရရှိပြီး မတစ်ဦးလျှင် နေ့စားလုပ်အားခအများဆုံး(၆၀၀၀)ကျပ်မှ (၅၀၀၀)ကျပ်ထိရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်ရာ၌ ကျားတစ်ဦးလျှင် နေ့စားလုပ်အားခအများဆုံး(၁၀၀၀၀)ကျပ်မှ(၈၀၀၀)ကျပ်ထိရရှိပြီး မတစ်ဦးလျှင် နေ့စားလုပ်အားခအများဆုံး(၈၀၀၀)ကျပ်မှ (၆၀၀၀)ကျပ်ထိ ရရှိပါသည်။ သာမာန်အချိန်တွင် လုပ်သားများလွယ်ကူစွာ ရှာဖွေနိုင်သော်လည်း စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင် လုပ်သားရှားပါးမှုများ ရှိပါသည်။ လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(၇) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့မယ်ဟန်ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ အလွန်ဆင်းရဲသော အိမ်ထောင်စု မရှိပေ။ အိမ်ထောင်စုတိုင်းသည် ထမင်းကို နပ်မှန်အောင် စားနိုင်သောက် နိုင်ကြပါသည်။ ငလျင်သည် ၁၀နှစ်မှ ၁ခါဖြစ်ပေါ်သော်လည်း အိမ်ခြေပျက်စီးခြင်းမရှိပါ။ စိုက်ပျိုးချိန်တွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ခြင်းများဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ နွေရာသီတွင် တိရစ္ဆာန်ကူးစက်ရောဂါ(ကြက်နာ)အနည်းငယ်ကျရောက်မှုရှိပြီး မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများမရှိခြင်း၊ ခြင်ထောင်ဖြင့်မအိပ်ခြင်းကြောင့် ဒေါက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ခံစားရလေ့ရှိပါသည်။ သို့သော်ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများ ဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ စားဝတ်နေရေးအတွက် အခြားဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက်မရှိသောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။

ကျေးရွာတွင် လူငယ်များ ဆိုင်ကယ်ကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများ ဖြစ်တတ်သည်။ ကျေးရွာရှိလူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင်ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ ဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်မတို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေး အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပညာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ မိခင်နှင့်ကလေးအမျိုးသမီးရေးရာ အဖွဲ့တို့ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများလိုအပ်သော အကူအညီများကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။ မယ်ဟန်ကျေးရွာတွင် သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရွာလုံးကျွတ်ဆောင်ရွက်ကြပါသည်။ သီးခြား သာရေးနာရေး အဖွဲ့အစည်းအနေဖြင့် မရှိပါ။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ KAI ၊ ဗွီးရှင်းဖန်း၊ Justic Society ၊ NCV အဖွဲ့တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့များသည် ရွာ၏ပညာရေးပိုင်း၊ ငွေစုငွေချေးအစီအစဉ်၊ မူလတန်းကျောင်းသား/သူများကို အာဟာရတိုက်ကျွေးမှုအပိုင်းနှင့် ကျေးရွာ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနေသောအဖွဲ့အစည်းများဖြစ်ပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့ မယ်ဟန်ကျေးရွာရှိ တောင်ယာများမှာ လယ်မြေမြေဆီလွှာ အရည်အသွေးမှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်း ကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါသည်။ ကျွန်မတို့ရွာတွင် သီးနှံများကို သီးခြားစိုက်ခြင်းမရှိဘဲ စပါးနှင့်တကွရောစိုက်ပါသည်။ ထွက်ရှိလာသော သီးနှံများကို ရောင်းချပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုအတွက် အဖွဲ့လိုက်ငွေစုငွေကြေးမှ ချေးယူရရှိပါသည်။ ဓာတ်မြေဩဇာများကိုလည်း အလွယ်တကူမဝယ်ယူနိုင်ပါ။

ကျွန်မတို့ မယ်ဟန်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စပါး၊ ပြောင်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ မိုးရာသီကိုသာမှီခိုခြင်း တစ်သီးစားသာ စိုက်ပျိုးကြပါသည်။ မြေဆီလွှာအနေအထားမှာ တဖြည်းဖြည်းညံ့ဖျင်းလာသည်ကို တွေ့ရှိရပါသည်။ သဘာဝမြေဩဇာများထက် ဓာတ်မြေဩဇာများကို နှစ်စဉ်ဝယ်ယူသုံးစွဲနိုင်ပါသည်။ ယခုနှစ်တွင် ငမြှောင်တောင်ပိုးကဲ့သို့သော ဖျက်ပိုးများကျရောက်သဖြင့် တောင်သူများအတွက် အခက်အခဲတွေ့ကြုံရင်ဆိုင်ရပါသည်။ ထို့အပြင် ပေါင်းဓာတ်၊ ဆေးပိုးသတ်ဆေးများကို ဝယ်ယူသုံးစွဲရသောကြောင့် သွင်းအားစုသုံးငွေကိုပို၍ အသုံးပြုနေရပါသည်။ တိကျခိုင်မာသော

စေးကွက်မရှိခြင်းသည်လည်း တောင်သူများအတွက် အခက်အခဲရှိပါသည်။ ပြောင်းအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၅၀)တင်း ထွက်ပါသည်။ စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ ဩဂုတ်လ အထိဖြစ်ပြီး အမြတ်ရရှိမှုမှာ နည်းပါသည်။ အမြတ်ရရှိနိုင်မှုမှာ သီးနှံစေးကွက်အလိုက် အတက်အကျပေါ်မူတည်၍ အမြတ်ရရှိကြပါသည်။ အများအားဖြင့်မှာ ထင်သလောက် အမြတ်မရရှိကြပေ။ သီးနှံစိုက်ပျိုးရာတွင် မြေဆီနည်းသောကြောင့် မြေဩဇာအများအပြား ထည့်၍ စိုက်ပျိုးရသဖြင့် အရင်းနှီးများ၍ အမြတ်နည်းသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် လယ်ယာမြေအကုန်လုံးကို စိုက်ပျိုးနိုင်သောကြောင့် လယ်ယာမြေအသုံးချနိုင်မှု အလွန်ကောင်းပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးငွေကို မိဘနှင့် ဆွေမျိုးများထံတွင် အတိုးနှုန်း(၂%)ဖြင့် ချေးယူ၍ ရနိုင်ပါသည်။ စိုက်ပျိုးရေးအရင်းအမြစ်သည်လည်း အသင့်အတင့်ရှိပါသည်။ ထို့အပြင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကိုလည်း နီးစပ်ရာပြောင်းဖူးပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံများကို ရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ကျွန်တော်တို့ရွာသည် လယ်ယာမြေကို စိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် ဖျက်ပိုးရောဂါကျရောက်မှု အနည်းငယ်ရှိခြင်းကြောင့် ပြောင်းအထွက်နှုန်းနည်းပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်မတို့ကျေးရွာတွင် နွား (၃၀)ကောင်၊ ကျွဲ (၁၀)ကောင်၊ ဝက် (၅၀)ကောင်၊ ကြက် (၃၅၀)ကောင် မွေးမြူထားကြောင်း တွေ့ရှိရပါသည်။ နှစ်စဉ်ကျရောက်တတ်သော ရောဂါများကြောင့် ကျွဲ၊ နွား၊ ဝက်၊ ကြက် စသည့်တိရစ္ဆာန်များ မွေးမြူထားသော အိမ်ထောင်စုများမှာ အခက်အခဲများစွာ တွေ့ရပါသည်။ ဆေးဝါးဗဟုသုတပညာ နည်းပါးသောကြောင့် ဆုံးရှုံးမှုများလည်းရှိပါသည်။ အချို့တိရစ္ဆာန်များမှာ အချိန်မီဆေးဝါး ကုသနိုင်ခြင်းမရှိသောကြောင့် မဆုံးရှုံးသင့်ပဲ တိရစ္ဆာန်များသေဆုံးနေကြကြောင်းကိုလည်း လေ့လာသိရှိရပါသည်။ တိရစ္ဆာန်ရောင်းဝယ်မှုလုပ်ငန်းတွင် ယခုနှစ်တွင် ရသင့်ရထိုက်သည့် စျေးနှုန်းများမရရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

ကျွန်မတို့ရွာတွင် မွေးမြူရေးလုပ်ကိုင်ရန် အလားအလာအမြောက်အမြားရှိပါသည်။ စိမ့်စမ်းရေများရှိခြင်းကြောင့် ရေအလုံအလောက်ရရှိပါသည်။ မွေးမြူရေးလုပ်ကိုင်ရန် ချေးငွေအသင့်အတင့်ရနိုင်ပြီးအစာ၊ ဆေးများကိုလည်း နီးစပ်ရာစျေးကွက်တွင် ဝယ်ယူနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ မွေးမြူရေးလုပ်ရန် အိမ်ခြံမြေအတွင်း မြေနေရာအသင့်အတင့် ရှိပါသည်။ ရွာတွင် မွေးမြူရေးလုပ်ကိုင်ရန် စားကျက်မြေ အသင့်အတင့်ရှိပါသည်။ ကျွဲ၊ နွားများကို ကျေးရွာ

နှင့်နီးစပ်သည့် စားကျက်မြေများတွင် လွတ်ကျောင်းကြ ရပါသည်။ ကြက်များကို မိမိ အိမ်ခြံဝန်း အတွင်းတွင် မွေးမြူကြပါသည်။ တိရစ္ဆာန်များအတွက် ရေကို အိမ်ရောက်မှသာ တိုက်ကျွေးကြပါသည်။ ကျွဲ၊ နွားမွေးမြူရေးအတွက် သီးခြားချေးငွေဝန်ဆောင်မှု မရှိသော်လည်း ကျေးရွာရှိ ချမ်းသာသူများထံမှ မွေးဖက်ရယူနိုင်ပါသည်။ မယ်ဟန်ကျေးရွာသည် အိမ်တိုင်းနီးပါး အိမ်ခြံဝင်းကျယ်ဝန်းသည့်အတွက် မွေးမြူရေးအတွက် မြေနေရာ လုံလောက်မှု ရှိပါသည်။ မျိုးကောင်း တိရစ္ဆာန်ဟူ၍ မွေးမြူကြသည်မဟုတ်ဘဲ ကျွဲ၊ နွားများကိုသာ မွေးမြူကြပါသည်။ မျိုးကောင်းမျိုးသန့်များကို ငွေရေးကြေးရေးတတ်နိုင်မှုပေါ်မူတည်၍ အခြားဒေသများ၌ ဝယ်ယူရရှိနိုင်ပါသည်။ မွေးမြူရေးလုပ်ဆောင်မှုမရှိဘဲ နည်းပညာပံ့ပိုးမှုတွင် အုပ်ချုပ်ရေးမှူးမှတဆင့် တိ/မွေးကုဋ္ဌာနသို့ တင်ပြ၍ နည်းပညာပံ့ပိုးမှု ရနိုင်ပါသည်။ တိရစ္ဆာန်အစာနှင့်ဆေးဝါးများသည် သီးခြားဝယ်ယူရခြင်းမရှိဘဲ စားကျက်မြေနှင့် တိုင်းရင်း ဆေးရွက်များကိုသာ အသုံးပြုကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးအပြင် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ အမျိုးသားများသည် ပန်းရံလုပ်ငန်းနှင့် စပါး၊ ပြောင်းခွဲလှေလုပ်ငန်းများတွင် နေ့စားလိုက်ခြင်း၊ အမျိုးသမီးများမှာ ဟင်းသီးဟင်းရွက် များ စိုက်ပျိုးရှာဖွေ၍ ရောင်းချခြင်း၊ ကိုယ်ပိုင်အိမ်ဆိုင်/စတိုးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ မော်တော် ဆိုင်ကယ် ပြုပြင်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြ ပါသည်။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖုရှာဖွေခြင်း လုပ်ငန်းနှင့် ခြံထွက်သီးနှံများ စျေးသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ စျေးကွက်မကောင်းသောကြောင့် လုပ်သားများ ငှားရမ်းရန် မလိုအပ်ပါ။ မယ်ဟန်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ကျွန်မတို့ကျေးရွာသည် မဟာဓါတ်အားလိုင်းရရှိသော ကျေးရွာဖြစ်၍ လျှပ်စစ်မီးအသုံးပြုမှု အဆင်ပြေပါသည်။

ကျွန်မတို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဒေသထွက်ကုန်များရောင်းချရန် စျေးကွက်နှင့်အသိအမြင်များမရှိ၍ စျေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်း ပညာနှင့်နည်းပညာဆိုင်ရာဝန်ဆောင်မှုများလည်း လိုအပ်လျက်ရှိပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်မတို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် အတိုးနှုန်း ၂%ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို (၃)လမှ (၆)လအတွင်း ပြန်၍ဆပ်ရပါသည်။ ချေးငွေကို ချေးယူ ရာတွင် အပေါင်ခံပစ္စည်းမလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့်အချိန်တွင် လိုသလောက် ချေးငွေမရရှိနိုင်သလို၊ လိုသလောက် မချေးပေး နိုင်သောသူများလည်း ရှိပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်မတို့ မယ်ဟန်ကျေးရွာသည် သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် ဆိုင်ကယ်ကိုသာ အများဆုံး အသုံးပြုကြပါသည်။ လယ်ယာထွက်ကုန်များသယ်ဆောင်ရန် ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။

ကျွန်မတို့မယ်ဟန်ကျေးရွာရှိ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ ကျောက်ခဲလမ်းနှင့် ကတ္တရာလမ်းများဖြစ်သောကြောင့် တစ်နှစ်ပတ်လုံးအသုံးပြုရအဆင်ပြေပါသည်။ ရွာတွင်မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းမရှိပါသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး မရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်မတို့ မယ်ဟန်ကျေးရွာသည် မဟာဓါတ်အားလိုင်းရရှိသော ကျေးရွာဖြစ်၍ မီးရရှိမှု အဆင်ပြေပါသည်။ အချို့အိမ်ထောင်စုများ၊ မိသားစုများက လျှပ်စစ်မီးလျှောက်ထားခြင်း မရှိသေးပါ။ လျှပ်စစ်မီးမရနိုင်သေးသော အိမ်ထောင်စုများ လျှပ်စစ်မီးရရှိရန်အတွက် ရပ်ရွာမှစီမံကိန်း ချထားလျှက်ရှိပါသည်။ လျှပ်စစ်မီးသွယ်တန်းခများကို ရပ်ရွာမှပံ့ပိုးငွေဖြင့် ကူညီသွားရန် ဖြစ်ပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

မယ်ဟန်ကျေးရွာတွင် တာဝါတိုင်များလာရောက်တိုင်ထောင်ပေးခြင်းကြောင့် ဆက်သွယ်ရေး လိုင်းကောင်းပါသည်။ အသိပညာ၊ အတတ်အပညာများရရှိရန်အတွက် ရေဒီယို၊ တီဗွီ၊ ဂြိုလ်တု၊ စလောင်း စသည်တို့ကို ဝယ်ယူသုံးစွဲကြပါသည်။

၇။ ပညာရေး

ကျေးရွာတွင်း အသက် (၁၅)နှစ်မှ (၆၅)နှစ်အထိမှာ စာမတတ်သည့်ဦးရေများသာ ဖြစ်ပြီး

ယခုအခါ အသက်(၁၀)နှစ်အောက်ကလေးများမှာ ပညာကိုလိုလိုလားလား သင်ယူကြပြီဖြစ်ပါ သည်။

မူလတန်းအဆင့်ပညာရေးတွင် ၁၀၀%တက်ရောက်သင်ကြားနိုင်ပါသည်။ အချို့သော မိဘ များသည် ဆင်းရဲပြီး တစ်နေ့လုပ်တစ်နေ့စား လုပ်ကိုင်စားသောက်ရသောကြောင့် ကလေးများ အတွက် ကျောင်းစရိတ်ထောက်ပံ့နိုင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ ကျွန်မတို့ကျေးရွာရှိ စာသင်ကျောင်းသည် အထက်တန်းကျောင်း(ခွဲ)ဖြစ်သဖြင့် (၉)တန်းထိရှိပြီး ရွာနှင့်ဝမိုင်ခန့်သာ ကွာဝေးသောကြောင့် ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ အမိုး၊ နံရံ၊ အခင်းသည် အရည်အသွေးကောင်းမွန်ပြီး ကျောင်းသုံးပရိဘောဂသည်လည်း လုံလောက်မှုပါသည်။ ကျောင်း အိမ်သာသည်လည်း ယင်လုံအိမ်သာဖြစ်သောကြောင့် ကျောင်း၏ကလေးများ ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ ကျွန်မတို့ကျေးရွာတွင် အစိုးရခန့် ကျောင်းဆရာ/မဦးရေ(၁၈)ဦးရှိ ပါသည်။ ကျောင်းသားနှင့် ဆရာ/မ လုံလောက်မှုရှိကြောင်း လေ့လာ တွေ့ရှိပါသည်။ စားဝတ်နေရေး ချောင်လည် သော မိသားစုများသာ ကျောင်းထားကြသဖြင့် ကျောင်းစရိတ်မတတ်နိုင်မှု နည်းပါးပါသည်။ ကျောင်း အားကစား ဆိုင်ရာပစ္စည်းများမှာ ပညာရေးဌာနမှ ထောက်ပံ့ပေးထားသော ပစ္စည်းများသာ တွေ့ရပါသည်။ မိဘဆရာအခန်းကဏ္ဍာတွင် တစ်နှစ်လျှင် (၂)ကြိမ်သာ တွေ့ဆုံကြပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်မတို့ မယ်ဟန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိသောကြောင့် ကျန်းမာရေးနှင့် ပတ်သက်၍ အထူးပူပန်စရာမလိုဘဲ ကာကွယ်ဆေးကို ပုံမှန်ထိုးနှံကြပါသည်။ ဆရာမတို့မှ ကျေးရွာ တွင် ကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများ ဖြန်းပေးခြင်း၊ ကာကွယ်ဆေး များထိုးနှံပေးခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အချိန်မီကုသနိုင်ပါသည်။ ကျေးလက်ကျန်းမာရေး ဌာနမှမနိုင်မှသာလျှင် လားရှိုးဆေးရုံကြီးသို့ လွှဲပြောင်းကုသကြပါသည်။ အနီးပတ်ဝန်းကျင်ရွာ များအတွက်လည်း လာရောက်ဆေးကုသနိုင်သည့်အတွက် လွန်စွာအဆင်ပြေပါသည်။

ကျန်းမာရေး အသိပညာဗဟုသုတအားနည်းခြင်း၊ အစာကိုဆင်ခြင်စားသုံးခြင်း မရှိခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုများ ပါသည်။ ရာသီအလိုက်ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းများ မရှိသောကြောင့် ဌက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ခြင်ဆေးများဖြန်းခြင်း၊ ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းကြောင့် ရောဂါပြန့်ပွားမှုနည်းပါသည်။

ကျွန်မတို့မယ်ဟန်ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်းနီးပါးရေတွင်းများရှိသောကြောင့် သောက်သုံးရေရရှိမှု အဆင်ပြေပါသည်။ စိုက်ပျိုးရေးအတွက် စိမ့်စမ်းရေနှင့်မိုးရေကိုသာ အဓိက

အားထားနေရပါသည်။ အကယ်၍ စိုက်ပျိုးရေးအတွက် ချောင်းများမှ ဆည်များ တည်ဆောက်လျှက် မြေရှိုနိုင်လျှင် နွေမိုးဆောင်း စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ ဝင်ငွေများနှင့် အလုပ်အကိုင် အခွင့်အလမ်း မှာလည်း ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ကျွန်မတို့ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်း နီးပါးသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာကိုသာ သုံးစွဲ ကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မယ်ဟန်ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော ရွာဖြစ်သောကြောင့် စိုက်ပျိုးသည့် အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံး ရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တော သစ်ပင်မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်းအပင်ငယ်များကို စိုက်ပျိုးခြင်းမရှိပါ။ ရွာတွင် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ သစ်ပင်များ ခုတ်လှဲမှုများ၍ သဘာဝအပင်မျိုးစိတ်များပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှု အန္တရာယ်များဖြစ်ပေါ်နိုင်ပါသည်။ ဖျက်ပိုးများခရုများကျရောက်သည့်အချိန်တွင် နည်းပညာ အကူအညီများမရယူဘဲ နီးစပ်ရာအချင်းချင်း(သို့မဟုတ်)မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများ ဖြန်း၍ နှိမ်နင်းကြပါသည်။ စိမ့်စမ်းရေကို အဓိကသုံးစွဲကြသဖြင့် မိုးရာသီ၌ရေကြီးမှုနှင့် ရေတိုက်စား မှုများကြောင့် ရေတားတမံများပျက်စီးခြင်း၊ မြေပြိုခြင်းများ ဖြစ်နိုင်ပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များကို မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ကျေးရွာ၏ အမျိုးသမီးများသည် ကျေးရွာတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တထောင့်တစ်နေရာကနေ ပါဝင်ကြပါသည်။ လွန်ခဲ့သောနှစ်အတွက် ရွာတွင် အကြမ်းဖက်မှုများ မရှိခဲ့ပါ။ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင်လည်း တူညီသော အခွင့်အလမ်းများရှိပါသည်။ ကျွန်မတို့ ကျေးရွာတွင် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်မှု ရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာစီမံ အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု၊ ခေါင်းဆောင်မှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး များ ၏ အခွင့်အရေးမှာ အမျိုးသားများနှင့် နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာ အိမ်ထောင်ကို ဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့်အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစု

အရေးများအတွက်ဖြင့်သာ အချိန်ကုန်မြှပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီး အနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်မြို့ပြနှင့် ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေးအပိုင်းတွင် စိတ်ဝင်စားမှု အလွန်နည်းပါးလှပါသည်။ သာရေး/နာရေး ချက်ပြုတ်ရေးကိစ္စများတွင် အမျိုးသားများ ထက် ပို၍ စွမ်းဆောင်နိုင်ပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် အနားယူအပန်းဖြေရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာအစည်းအဝေး ဟောပြောပွဲများ ပြုလုပ်ရန်နေရာများမရှိသောကြောင့် မဏ္ဍပ်များစွေးကြီးပေးပြီး ငှားရမ်းသုံးစွဲကြရပါသည်။ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပစ္စည်းများ မရှိပါ။ မိမိတို့၏ ရိုးရာစာပေများကို နွေရာသီကျောင်းပိတ်ရက်တွင် သင်ကြားပေးလျှက်ရှိပါသည်။ ရိုးရာဓလေ့များထိန်းသိမ်းခြင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်း ရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာ များနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက် များမရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှုစသည့် ဖြစ်စဉ်များ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ်ရှိပါသည်။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း	၁	✔	✔			
၂	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၂			✔		
၃	မူးယစ်ဆေးဝါးကင်းစင်ရေးပညာပေးနှင့်ဟောပြောပွဲများဖွင့်လှစ်ခြင်း	၃			✔	✔	✔
၄	စိုက်ပျိုးရေးနည်းပညာ ပေးသင်တန်းဖွင့်လှစ်ခြင်း	၄		✔	✔	✔	✔
၅	ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်း	၅		✔	✔	✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) မယ်ဟန်ကျေးရွာ

ကျေးရွာ	- မယ်ဟန်ကျေးရွာ
ကျေးရွာအုပ်စု	- မယ်ဟန်ကျေးရွာအုပ်စု
မြို့နယ်	- လား:ရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- တွင်းနက်တူးဖော်ခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • စိမ့်စမ်းရေများ ရရှိသော်လည်း သန့်ရှင်းသော ရေကောင်းရေသန့်များ မရရှိခြင်း၊ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်းမရှိခြင်းစသည့်အခက်အခဲများစွာရှိသောကြောင့် စက်ရေတွင်းတူးဖော်ခြင်း စီမံချက်ကို တောင်းခံရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ရေကောင်းရေသန့်ရရှိရန်၊ • သောက်သုံးရေလုံလောက်စွာ ရရှိရန်။	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • ရေကောင်းရေသန့်ရရှိခြင်း၊ • ရွာသူရွာသားများ ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ • ရွာရှိဘုန်းကြီးကျောင်းတွင် ရေရရှိခြင်း၊ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း(၄" Ø ၄၀၀')၊ (၅'x ၅' x ၇')	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀(ငွေသား) • ××××××××(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၂၆	၈၁၉	၁၂၅၅	၄၀	၁၂၀	၇၀	၂၀	၂၅၀
အကျိုးခံစားမည့်သူဦးရေ	၄၂၆	၈၁၉	၁၂၅၅	၄၀	၁၂၀	၇၀	၂၀	၂၅၀
မှတ်ချက်။ ။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- **မယ်ဟန်**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၇.၂.၂၀၂၁

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၄.၄.၂၀၂၁

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။
- တွင်းနက်တူးဖော်ရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- စက်ရေတွင်းတူးဖော်ခြင်းအား မပျက်စီးအောင် ကျေးရွာသူ/ ကျေးရွာသားများ အားလုံး ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ကြာရှည်ခိုင်ခံ့တည်မြဲစေရန် ကျေးရွာရန်ပုံငွေဖြင့် အစဉ်ပြုပြင်ထိန်းသိမ်းသွားပါမည်။
- ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

မယ်ဟန်ကျေးရွာအုပ်စု၊ မယ်ဟန်ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇင်မင်းထူး	ဦးတင်လှ	၁၃/လရန(နိုင်) ၂၁၁၁၇၀	၃၂	ဥက္ကဋ္ဌ	၀၉-၂၆၇၀၁၉၈၇၇
၂	ဦးကျော်သက်ဦး	ဦးကျော်ဝေ	၈/ပခက(နိုင်) ၁၇၉၅၅၀	၄၁	အဖွဲ့ဝင်	
၃	ဒေါ်ဝင်းမော်	ဦးမြမောင်	၉/မရမ(နိုင်) ၀၀၁၁၈	၂၈	စာရင်းကိုင်	၀၉-၄၅၈၄၀၆၄၂၁
၄	ဒေါ်အိရွှေဇင်	ဦးမောင်ကိုဝင်း	၉/ကပတ(နိုင်) ၂၂၃၀၂၆	၂၈	ဘဏ္ဍာရေးမှူး	၀၉-၂၅၁၈၈၈၂၂၇
၅	ဒေါ်သီသီဆွေ	ဦးလူကလေး	၉/တသန(နိုင်) ၂၂၂၇၅၀	၂၀	သေ့ကိုင်	၀၉-၈၉၈၃၆၆၆၇၆
၆	ဒေါ်သန္တာထူး	ဦးသောင်းရွှေ	၁၃/လရန(နိုင်) ၁၈၉၂၈၆	၄၀	သေ့ကိုင်	၀၉-၇၇၀၃၁၆၇၆၉
၇	ဦးကျော်ဟိန်း	ဦးဌေးဝင်း	၉/တသန(နိုင်) ၂၃၁၃၇၇	၃၂	အတွင်းရေးမှူး	၀၉-၇၈၀၅၀၄၈၂၂

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်သက်ဦး	ဦးကျော်ဝေ	၈/ပခက(နိုင်) ၁၇၉၅၅၀	၄၁	ဥက္ကဋ္ဌ	
၂	ဒေါ်သီသီဆွေ	ဦးလူကလေး	၉/တသန(နိုင်) ၂၂၂၇၅၀	၂၀	စာရင်းကိုင်	၀၉-၈၉၈၃၆၆၆၇၆
၃	ဒေါ်သန္တာထူး	ဦးသောင်းရွှေ	၁၃/လရန(နိုင်) ၁၈၉၂၈၆	၄၀	ဘဏ္ဍာရေးမှူး	၀၉-၇၇၀၃၁၆၇၆၉

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၅	၂၅	၄၀		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၀	၃၅	၅၅		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၇	၆၅	၁၀၂		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁၅	၁၃၅	၂၅၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၄	၅၃၂	၇၆၆		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၅	၂၇	၄၂		
စုစုပေါင်း		၄၂၆	၈၁၉	၁၂၅၅		
စုစုပေါင်း အိမ်ထောင်စု						၂၅၀

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ်ဆေးထိုးပေးကြပြီး တစ်ချို့သော မိဘများသည် ကလေးများဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြိုကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘများကဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်မတို့ လွယ်ငူးကျေးရွာတွင် အလုပ်လုပ်ကိုင်နေကြသော ဖခင်နှင့်မိခင်အများစုဖြစ်ပြီး သား/သမီးတို့သည် ကျောင်းတက်ခြင်းနှင့် ငွေရှာခြင်းရှိသည်။ အလုပ်လုပ်ကိုင်နေသောလူဦးရေမှာ (၇၆၆)ဦးဖြစ်ပြီး ကျန်(၄၂)ယောက်မှာ အသက်ကြီးသူဖြစ်ပြီး သား/သမီး လုပ်ကျွေးခြင်းသာ ဖြစ်ပါသည်။ လူငယ်များသည်လည်း ကျောင်းနားချိန်တွင် မိဘများကို အလုပ်ဝိုင်းကူလုပ်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၄၅	၅၈၈	၁၀	၂၃၂	၃၅၆		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇၀	၂၂၅	၅	၁၅၀	၇၅		မြင့် ☐ လတ☑နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၅	၂၅		၂၀	၅		မြင့် ☐ လတ်☑ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၀	၂၃	၅	၃	၂၀		မြင့် ☐လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၅		၁၅	-		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း /							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ရာသီအလိုက် အလုပ်သမား							
၂	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၂၅၀	၈၅၆	၂၀	၄၀၀	၄၅၆		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

